ပဉ္စမတွဲ။ ၁၂၇၀ ပြည့်နှစ်။ တော်သလင်းလထွက်သတင်းစာ။ နံပါတ် ၆။




မာတိကာ။


| | | မျက်နှာ။ |
|---|---|---|
| ၁။ | ဘုရားအမိန့်တော် .... .... .... | ၁၆၄။ |
| ၂။ | ဗြဟ္မဇာလသုတ်ဒေသနာတော်အဆက် .... | ၁၆၅။ |
| ၃။ | ရန်ကုန်မြို့ကော်ထိပ်ထိပ်ပွဲကျောင်း၌ဟောသော တရား .... .... .... .... | ၁၆၉။ |
| ၄။ | ထဏ္ဍကျမ်း .... .... .... .... | ၁၇၅။ |
| ၅။ | ဓမ္မသဝနအသင်းအစည်းအဝေးအကြောင်း .... | ၁၇၈။ |
| ၆။ | ဓမ္မဒါနအတွက်ငွေလှူဒါန်းခြင်းအကြောင်း | ၁၇၈။ |
| ၇။ | ရန်ကုန်မြို့အသင်းသားစာရင်း .... .... | ၁၈၀။ |
| ၈။ | အဝေးမြို့အသင်းသားစာရင်း .... .... | ၁၈၆။ |
| ၉။ | ရန်ကုန်မြို့ဥပါသိကာမများစာရင်း .... | ၁၈၈။ |
| ၁၀။ | အဝေးမြို့ဥပါသိကာမများစာရင်း .... | ၁၈၉။ |
| ၁၁။ | အသင်းဥပဒေ.... .... .... .... | ၁၉၁။ |


ရန်ကုန်မြို့။ ဟံသာဝတီသတင်းစာတိုက်။

## အကျိုးဆောင်လူကြီးများ၊

ပဌမပြိုဇိဒင်။

ဦးခင်၊ ဗလုပ်တိုက်စာရေးကြီး။

ဒုတိယပြိုဇိဒင်။

ဦးမှန်း, K.S.M. ပညာဝန်ထောက်။

ငွေထိန်းလူကြီး။

ကိုဘာဖိုင်။ ပွဲစားကြီး။သုဓမ္မဝတီစာပုံနှိပ်တိုက်ရှင်။

အင်္ဂလိပ်ထက်စတ္တရီထေရီ၊

စန်၊စောခိုင်၊ ကုန်သည်ကြီး၊

မြန်မာထက်ထက်စတ္တရီထေရီ၊

ဆရာတိုင်း၊ စာပြင်ဆရာ၊ ကျောင်းစာပြင် ဝန်ထောက်ရုံး၊

အသင်းစာရေးကြီး။

မောင်မြသိန်း။ ဗလုပ်တိုက်စာရေးကြီး။

—✣✣—

## အမှုဆောင်ကော်မီတီများ။

| | | |
|---|---|---|
| ၁ | ဦးကြွင်ရဲ ... | မြန်မာပြည် ငွေစုငွေချေး အသင်းဝန်ထောက်။ |
| ၂ | ကိုဘ ... | မြို့ဝန်ရုံးစာရေးကြီး။ |
| ၃ | ကိုဘိုးဆိုင် ... | ဈေးခေါင်း။ |
| ၄ | ဦးသာဇံ ... | အဘိဓမ္မါဥက္ကဌအသင်းလူကြီး၊ |
| ၅ | တန်၊ချိန်စမ်း ... | ကရူဂါတိုက်စာရေးကြီး၊ |
| ၆ | ကိုစံရ ... | ကုန်သည်၊ |
| ၇ | စန်၊စောလှိုင်... | ကုန်သည်။ |
| ၈ | ကိုစံဝင်း ... | အမိန့်တော်ရရှေ့နေ။ |
| ၉ | ဦးလှိုင် ... | ကုန်သည်။ |
| ၁၀ | ကိုဘိုးဆင် ... | ပွဲစားကြီး။ |
| ၁၁ | ဘိုဘိုးသဲ ... | မီးအာမခံကိုယ်စားလှယ်။ |
| ၁၂ | မောင်တင် ... | စတီး ဗရာသာ သစ်စက် စာရေးကြီး။ |
| ၁၃ | မောင်သက်ရှေ | ဖွတ်ရုံးစာရေးကြီး၊ |
| ၁၄ | ကိုထွန်းပေါ်... | မြူနီစီပါယ်သူကြီး။ |
| ၁၅ | ကိုသာခွန်း ... | ကုန်သည်၊ |
| ၁၆ | ကိုအို ... | ပွဲစားကြီး၊ |
| ၁၇ | ကိုချစ်ဆွေ ... | ကာဗီတိုက်စာရေးကြီး။ |
| ၁၈ | ကိုဘ ... | ကွမ်းခွဲ။ |
| ၁၉ | မွို င်၊ပိန်းရောင် | စက်ဆန်းစာရေးကြီး၊ |
| ၂၀ | ကိုမြို ... | အရေးပိုင်ရုံးစာရေးကြီး၊ |
| ၂၁ | ကိုဒါန ... | လင်ဆူဟာင်းတိုက်စာရေးကြီး၊ |
| ၂၂ | ကိုစိန်တိုင် ... | ကုန်သည်၊ |
| ၂၃ | ကိုဘိုးလွင် ... | အမြွတ်တော်ရုံးသူကြီး။ |
| ၂၄ | စီ၊ကြိုင်နီး ... | စတီးတိုက်စာရေးကြီး၊ |
| ၂၅ | ကိုဘိုးရင် ... | ဗလုပ်တိုက်စာရေးကြီး၊ |
| ၂၆ | ကိုထွန်းရီ ... | ၎င်း |
| ၂၇ | ကိုဘိုးဝှူး ... | ၎င်း |
| ၂၈ | ကိုဘိုးထွတ် ... | ၎င်း |
| ၂၉ | ကိုဘိုးထွန်း ... | မီးရထားရုံမိုင်၊ |
| ၃၀ | ကိုကျော်ဘား | ပွဲစားကြီး၊ |

—✣✣—

ရန်ကုန်မြို့၊
ဓမ္မသဝနဗုဒ္ဓသာသနာပြုအသင်း။
မှထုတ်ဝေသော

# ဓမ္မဒေသနာတရားသတင်းစာ။

ပဥ္စမတွဲ။ ရန်ကုန်မြို့။ ၁၂၇၀ ပြည့်နှစ်။ တော်သလင်းလ။ နံပါတ် ၄။

## ဘုရားအမိန့်တော်။

စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ မာ ဧကေန ဒွေ အဂမိတ္ထ။ ဒေသေထ ဘိက္ခဝေ ဓမ္မံ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ။ သာတ္ထံ သဗျဥ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ။ သန္တိ သတ္တာ အပ္ပရဇက္ခဇာတိကာ။ အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ။ ဘဝိဿန္တိ ဓမ္မဿ အညာတာရော။

အိုငါ၏တပည့်သားရဟန်းများတို့။များစွာသောလူတို့၏အစီးအပွားအလို့ငှာ။များစွာသောလူတို့၏ချမ်းသာသုခရစေခြင်းငှာ။လူတို့၏လောကကိုအစဉ်စောင့်ရှောက်ချီးမြှောက်ခြင်းငှာ။လူနတ်ဗြဟ္မာ။သတ္တဝါတို့၏အကျိုးစီးပွား။ချမ်းသာတရား။ များစေခြင်းငှာ။ ခရီးဒေသစာရီ။လှည့်လည်သွားကြကုန်လော့။ တကြောင်းတည်းသောလမ်းဖြင့်။ရဟန်းနှစ်ပါးတို့မသွားကြကုန်လင့်။အိုငါ၏ချစ်သား ရဟန်းများတို့။ အစ၏ကောင်းခြင်း။အလယ်၏ကောင်းခြင်း။ အဆုံး၏ကောင်းခြင်းနှင့်ပြည့်စုံ၍။ ပုဒ်ဗျည်းသဒ္ဒါရေးတို့နှင့်လည်း။ ကောင်းမွန်ညီညွတ်သည်အလိုက်။တရားမြိုက်ရည်။ခြသေ့်ဆီကို။သိဂီရွှေနှား။ထည့်သောလားသို့။ ပေါကြားသွန်းလောင်းကြကုန်လော့။ထုတ်အပ်နုတ်အပ် ထပ်မံဖြည့်သွင်းအပ်သည်ဟူ၍မရှိ။ အလုံးစုံပြည့်သဖြင့်။အတိဝိသုဒ္ဓ။ ပွတ်သစ်စ ခရုသင်းအတူ။ဖြူစင်ဖြောင့်မတ်။ကောင်းမြတ်သောသိက္ခာသုံးပါး။ မဂ္ဂင်တရားကို။ ထင်ရှားပြသကြကုန်လော့။ ပညာဟုဆိုအပ်သောမျက်စိ၌။ ကိလေသာမြူ။နည်းပါးသူတို့သည် ရှိကြကုန်၏။ တရားကို မနာကြရသောကြောင့်။ သိထိုက်သည်ကို မသိ။ မြင်ထိုက်သည်ကို မမြင်၊ အစဉ်ဆုတ်ယုတ်ကြကုန်၏။တရားဓမ္မ။ကြားနာရသည်ရှိသော်။သိလွယ်ကြသောသူတို့သည်ဖြစ်ကြကုန်လတ့်။

## ဗြဟ္မဇာလသုတ်ဒေသနာတော်အဆက်။
## ၆၂ ပါးသောမိစ္ဆာဒိဋ္ဌိအကြောင်း။
### (သုတ္တန်ပိဋကတ်။)

အန္တာနန္တိက ဒိဋ္ဌိ ၄ ပါး။

ငါ၏ချစ်သား ရဟန်းများတို့။ အချို့ကုန်သောရဟန်းပုဏ္ဏားတို့သည် လေးပါးသောအကြောင်းတို့ကြောင့်။ လောက၏ အဆုံး ရှိမရှိကို ပညတ်ပြောဆိုလေကုန်၏။

ထိုလေးပါးသော အကြောင်းတို့ ဟူသော် ကား။ ဤလောက၌ အချို့သောရဟန်း ပုဏ္ဏားတို့သည်။ ပဓါနအလုပ်။ ကမ္မဋ္ဌာန်း စီးဖြန်းမှုကို။ အားထုတ် ကြိုးပမ်း လေသော်။ စိတ်၏ငြိမ်သက်တည်ကြည်မှုသမာဓိကိုရကြလေ၏။ ထိုသို့တည်ကြည်သောစိတ်ဖြင့်။ ကသိုဏ်းပဋိဘာဂနိမိတ်ဟူသောလောကကိုအဆုံးရှိ၏ဟုမှတ်ယူ၍နေ၏။ ထိုသူသည်ဤသို့သောမိစ္ဆာအယူစကားကိုပြောကြားလေ၏။ ဤလောကသည်အဆုံးရှိ၏။ ဤလောကသည် အလုံးကြီးတည်း။ အဘယ်ကြောင့်သိပါသနည်းဟုဆိုသော်။ ငါသည်ကောင်းစွာနှလုံးသွင်းခြင်း။ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းကြောင့်။ စိတ်၏တည်ကြည်မှုသမာဓိကိုရ၏။ ထိုသမာဓိဖြင့်လောက၏ အဆုံးရှိသည်၏အဖြစ်ကို အမှတ်ပြု၍နေ၏။ ထိုသို့ ဖြစ်သော ကြောင့် လောက သည် အဆုံးရှိကြောင်း။ အလုံးကြီးဖြစ်ကြောင်းကို ငါသိ၏ဟု ဆိုလေ၏။ ချစ်သားရဟန်းများတို့။ ဤသည်ကား အန္တာ နန္တိက ဒိဋ္ဌိလေးပါးတို့တွင်ပဌမဌာနတည်း။

ငါ၏ချစ်သား ရဟန်းများတို့။ အချို့ကုန်သောရဟန်းပုဏ္ဏားတို့သည်။ ကိလေသာကိုပူပန်စေမှု။ လုံ့လပြု၍။ သမထအလုပ်ကို။ အဟုတ်အားထုတ်လေသော်။ စိတ်၏ငြိမ်သက် တည်ကြည်မှု သမာဓိကို ရလေ၏။ ထိုသို့တည်ကြည်သော စိတ်ဖြင့်။ ကသိုဏ်း ပဋိဘာဂ နိမိတ် ဟူသော လောကကို အဆုံးမရှိဟုအမှတ်ပြု၍နေ၏။ ထိုသူသည်ဤသို့သောမိစ္ဆာအယူစကားကို ပြောကြား လေ၏။ ဤလောကကြီးသည် အဆုံး မရှိချေ။ အပိုင်း အခြားမရှိချေ။ အကြင်ရဟန်းပုဏ္ဏားတို့သည်။ ဤလောကသည်အဆုံးရှိ၏။ အလုံး ကြီးဖြစ်၏ ဟုဆို၏။ ထိုသူတို့၏ စကားသည်ချွတ်ယွင်းဖေါက်ပြန်။ မမှန်မှားယွင်းလေ၏။ အဘယ်ကြောင့် ဤလောကကြီး၏အဆုံးမရှိကြောင်း ကိုသိပါသနည်းဆိုသော်။ ငါသည်ပဓါနအလုပ်ကိုကောင်းစွာအားထုတ်ခြင်း။မမေ့မလျော့အားထုတ်ခြင်းတို့ကြောင့်။ စိတ်၏ တည်ကြည်မှု သမာဓိကိုရ၏။ ထိုတည်ကြည်သော စိတ်ဖြင့်။ ကသိုဏ်းပဋိဘာဂနိမိတ်ဟူသော လောကကို အဆုံးမရှိဟုအမှတ်ပြု၍နေ၏။ထိုသို့ဖြစ်သောကြောင့်။ဤလောကကြီး၏ အဆုံးအပိုင်းအခြားမရှိကြောင်းကို ငါသိ၏ဟုဆိုလေ၏။ချစ်သားရဟန်းများတို့။ ဤသည်ကားဒုတိယအန္တာနန္တိကဒိဋ္ဌိဌာနတည်း။

ချစ်သားရဟန်းများတို့။အချို့ကုန်သောရဟန်းပုဏ္ဏားတို့သည်။ ကိလေသာကိုပူပန်စေမှု။ လုံ့လပြု၍။ သမထကမ္မဋ္ဌာန်း။စီးဖြန်းမှုအလုပ်ကို။အားထုတ်လေသော်။စိတ်၏တည်ကြည်ငြိမ်သက်စွာတည်နေမှု။ စေတောသမာဓိသို့ရောက်လေ၏။ထိုသို့တည်ကြည်သောစိတ်ဖြင့်။ ကသိုဏ်းပဋိဘာဂနိမိတ်ဟူသောလောကကို။အောက်နှင့်အထက်အဆုံးရှိ၏ဟုအမှတ်ပြု၍။ဖီလာကန့်လန့်မှုကား။ အဆုံးမရှိဟုအမှတ်ပြု၍နေ၏။ ထိုသူသည် ဤသို့သော မိစ္ဆာအယူစကားကိုပြောကြားလေ၏။ ဤလောကကြီးသည်အဆုံးရှိသည်လည်းဟုတ်၏။ အဆုံးမရှိသည်လည်းဟုတ်၏။အကြင်ရဟန်းပုဏ္ဏားတို့သည်ဤလောကသည်အဆုံးရှိ၏ဟုဆိုကုန်၏။ ထိုရဟန်းပုဏ္ဏားတို့၏ စကားသည်လည်းမှားယွင်းလေ၏။ အကြင်ရဟန်းပုဏ္ဏားတို့သည်။ ဤလောကသည် အဆုံးမရှိဟု ဆိုကုန်၏။ ထိုရဟန်း ပုဏ္ဏား တို့၏ စကားသည်လည်း မှားယွင်းပြန်လေ၏။ ထိုလောက အဆုံးရှိ၏ဟုယူခြင်း။အဆုံး မရှိဟု ယူခြင်းသည် ဟုတ်မှန်ကြောင်း။ အဆုံးရှိ၏ဟူ၍သာယူသောသူတို့၏ အယူ။အဆုံးမရှိဟူ၍သာယူသောသူတို့၏အယူမှားယွင်းကြောင်းများကို အဘယ်ကြောင့်တပ်ရာသေချာသိပါသနည်းဟုဆိုသော်။ ငါသည်ပဓါနအလုပ်ကို။အားထုတ်မှုကြောင့် စိတ်၏ တည်ကြည်မှု သမာဓိကို ရ၍။ ထို တည်ကြည်သောစိတ်ဖြင့် ကသိုဏ်းပဋိဘာဂနိမိတ်ဟူသော လောကကို အောက်နှင့်အထက်အဆုံးရှိ၏ဟုအမှတ်ပြု၍ဖီလာကန့်လန့်မှုကား အဆုံးမရှိဟုအမှတ်ပြု၍နေ၏။ ထိုသို့ဖြစ်သောကြောင့်။ လောကသည် အဆုံးလည်း ရှိ၏။ အဆုံးလည်းမရှိဖြစ်ကြောင်းကို ငါသိ၏ဟုဆိုလေ၏။ ချစ်သား

ရဟန်းများတို့။ ဤသည်ကား တတိယ အန္တာနန္တိကဒိဋ္ဌိ ဌာနတည်း။

ချစ်သား ရဟန်းများတို့။ သမထ အလုပ်ကို။ အားမထုတ်ဘဲလျက်။ မိမိ၏အကြံ။ မိမိ၏စိတ်ထင်ဖြင့်သာလျှင် ပြောကြားလေ့ ရှိသော အချို့သော ရဟန်း ပုဏ္ဏား တို့သည်။ ဤသို့သောမိစ္ဆာစကားကို ပြောကြားကြလေ၏။ ဤလောကသည်အဆုံးရှိသည်လည်းမဟုတ်။ အဆုံးမရှိသည်လည်း မဟုတ်ဖြစ်၏။ အကြင် ရဟန်း ပုဏ္ဏား တို့သည်။ ဤလောကသည် အဆုံးရှိ၏။ အလုံးကြီး တည်းဟုဆိုကြ၏။ ထိုစကားသည်လည်း မှားယွင်း၏။ အကြင် ရဟန်းပုဏ္ဏားတို့သည် အဆုံးမရှိဟုဆိုကြ၏။ ထိုစကားလည်း မှားယွင်း၏။ အကြင် ရဟန်း ပုဏ္ဏား တို့သည် အောက်အထက်အဆုံးရှိ၏။ ဖီလာကန့်လန့်မူကားအဆုံးမရှိဟုဆိုကုန်၏။ ထိုသို့ဆိုသော စကားသည်လည်းမှားယွင်းလေ၏။ စင်စစ်အမှန်။ ငါ့အကြံမူကား။ ဤလောကသည် အဆုံးရှိသည်လည်း မဟုတ်။ မရှိသည်လည်း မဟုတ်ဖြစ်၏ဟုဆို၏။ ချစ်သား ရဟန်းများတို့။ ဤသည်ကားစတုတ္ထအန္တာနန္တိကဒိဋ္ဌိဌာနတက္ကီဝါဒတည်း။

နိဂုံးစကားကိုရှေးအထိုင်းမှတ်။

အန္တာနန္တိကဒိဋ္ဌိ ၄ ပါးပြီး၏။

ချစ်သားရဟန်းများတို့။အချို့ကုန်သောရဟန်းပုဏ္ဏား
အမရာဝိက္ခေပ တို့သည်။ရေန္ဒုပ်တုံပေါ်တုံဖြစ်၍။ ဘမ်း
ဒိဋ္ဌိ ၄ ပါး။ ယူငှါ ခဲခက် သော အမရာ မည် သော
ငါးကဲ့သို့။တုန်လှုပ်သောစကားရှိကုန်၏။ စကားမတည်တုံ့။မျှံလွင့်ကုန်၏။ထိုထိုသို့သောအယူတို့နှင့်။အမေးပုစ္ဆာတို့ကို မေးအပ်သည်ရှိသော်။ စကားမတည်ကြည်။ အတည်ကြဆုံးဖြတ်။ ပြောကြားအပ်သည်မရှိ ဖြစ်ကြလေကုန်၏။ ထိုသို့စကားမတည်ဖြစ်ခြင်းသည်လည်း လေးပါးသောအကြောင်းတို့ကြောင့်ဖြစ်ကုန်၏။

လေးပါးသော အကြောင်းတို့ ဟူသည်ကား။ အချို့ကုန်သောရဟန်းပုဏ္ဏားတို့သည်။ဤသည်ကားကုသိုလ်တရားတည်း။ ဤသည်ကားအကုသိုလ်တရားတည်းဟူ၍ဟုတ်မှန်သောအတိုင်းကို မသိဖြစ်ခဲ့၏။ ထိုသူအား ဤကဲ့သို့သော အကြံသည်ဖြစ်၏။ ငါသည် ဤတရားကား ကုသိုလ်ဟူ၍လည်းကောင်း။ ဤတရားကား အကုသိုလ်ဟူ၍လည်းကောင်း။ ဟုတ်မှန်စွာ မသိချေ။ ထိုသို့မသိဘဲလျက်။ ဤတရားကား ကုသိုလ်တည်း။ ဤတရားကားအကုသိုလ်တည်းဟု ဖြေကြားခဲ့ပြီးအံ့။ ငါ့အားမုသာဝါဒသည် ဖြစ်လေရာ၏။ ထိုမုသာဝါဒ မဟုတ်မလျှော၊ ပြောကြားမှုသည်။ငါ၏ကိုယ်စိတ်နှစ်ဖြာ၊ ပင်ပန်းအံ့သောငှာ။ နတ်ရွာနိဗ္ဗာန်၏ အန္တရာယ်သာလျှင်ဖြစ်လေရာ၏။ ဤသို့ကြံ၍မုသာဝါဒဘေးမှကြောက်ရွံ့သောကြောင့်။ ပုစ္ဆာပြဿနာ မေးလာသည် ရှိသော်။ ကုသိုလ်ဟူ၍ လည်းကောင်း။အကုသိုလ်ဟူ၍လည်းကောင်း။ မဖြေမကြားမူ၍။ စကား တုန်လှုပ် လျက်သာ။ ဆောက် တည်ရာ မရဖြစ်လေ၏။ ။အဘယ်သို့စကားတုန်လှုပ်သနည်းဟူမူကား။

မေးသူက။ ဤတရားသည်ကုသိုလ်ဖြစ်ပါသလောဟု မေးသည်ရှိသော်။ ။ဧဝန္တိ ပိ မေ နော။ဧဝန္တိပိ။ဤသို့ကုသိုလ်ဟုတ်၏ဟူ၍လည်း။မေ။ငါ၏။ မတိ၊အယူသည်။ နော ဟောတိ၊မဖြစ်။ ။ကုသိုလ်ဟုတ်၏ဟူ၍လည်းငါမဆို။

မေးသူက။ ကုသိုလ်မဟုတ်လျှင် အကုသိုလ်ဖြစ်ပါသလောဟုမေးပြန်သော်။ ။တထာတိ ပိ မေ နော။တထာတိပိ။အကုသိုလ်ဟူ၍လည်း။မေ၊ငါ၏။မတိ။ အယူသည်။ နော ဟောတိ၊ မဖြစ်။ ။အကုသိုလ်ဟူ၍လည်း ငါမဆို။

မေးသူက။ ထိုသို့ကုသိုလ်လည်း မဟုတ် အကုသိုလ်လည်း မဟုတ်ခဲ့သော်။ ထိုနှစ်ပါးစုံတို့မှတပါး အလွတ်ဖြစ်ပါသလောဟုမေးပြန်လေ၏။ ။အညထာတိ ပိ မေ နော။အညထာတိပိ။နှစ်ပါးစုံတို့မှတပါးဟူ၍လည်း။မေ။ငါ၏။မတိ။အယူသည်။နော ဟောတိ၊မဖြစ်။ ။နှစ်ပါးစုံတို့မှတပါးဟူ၍လည်းငါမဆို။

မေးသူက။ ထိုသို့ဖြစ်ခဲ့သော်။ ကုသိုလ်လည်းမဟုတ်။ အကုသိုလ်လည်းမဟုတ်။ ကုသိုလ်အကုသိုလ်တို့မှတပါးလည်းမဟုတ်။ သုံးပါးစလုံး မဟုတ်ဟူ၍ အယူရှိပါ သလောဟုမေးပြန်၏။ ။နောတိ ပိ မေ နော။နောတိပိ။သုံးပါးစလုံးမဟုတ်ဟူ၍လည်း။မေ။ငါ၏။မတိ။ အယူသည်။ နော ဟောတိ၊မဖြစ်။ ။သုံးပါးစလုံးမဟုတ်ဟူ၍လည်း ငါမဆို။

မေးသူက။ ယင်းသို့ဖြစ်ခဲ့သော်။ သုံးပါးစလုံးမဟုတ်သည်မဟုတ်ဟူ၍။အယူရှိပါသလောဟုမေးမြန်၏။ ။ နေသနေသတိ ပိ မေ နေသ။ နေသနေသတိပိ။ သုံးပါးစလုံးမဟုတ်သည်မဟုတ်ဟူ၍လည်း။မေ။ငါ၏။မတိ။အယူသည်။ နေသဟောတိ၊မဖြစ်။ ။သုံးပါးစလုံးမဟုတ်သည်မဟုတ်ဟူ၍လည်းငါမဆို၊

ဤသို့လျှင်မှသာဝါဒဘေးကိုကြောက်သောကြောင့်။ မေးအပ်သော ပုစ္ဆာ စကား၌။ တုန်လှုပ် ချောက် ချားသော ဝါစာဝိက္ခေပအဖြစ်သို့ ရောက်လေ၏။ ချစ်သားရဟန်းများတို့။ ဤသည်ကားအမရာဝိက္ခေပမိစ္ဆာဝါဒ၏ ပဌမဌာနတည်း။

ချစ်သားရဟန်းများတို့။အချို့ကုန်သောရဟန်းပုဏ္ဏားတို့သည်၊ ကုသိုလ်ဟူ၍လည်းကောင်း။ အကုသိုလ်ဟူ၍လည်းကောင်း။ အကြင်တရားသဘောကို။ ယထာဘူတဟုတ်မှန်သောအတိုင်း မသိတတ်။ ထိုသို့မသိတတ်သောကြောင့်။ပုစ္ဆာပြဿနာမေးမြန်းလာသည်ရှိသော်။စကားမတည်တံ့။တုန်လှုပ်ချောက်ချားလျက်ပြောကြားလေ၏။ဤသို့လျှင်စကားပရိယာယ်ဖြင့်။ တိမ်းဖယ်ရှောင်ရှား။ ပြောကြားရခြင်းသည် အဘယ်ကြောင့်နည်းဟုဆိုသော်။ ထိုရဟန်းပုဏ္ဏားတို့သည်ဤသို့ကြံ၏။ငါသည်ကားကုသိုလ်ဟူ၍လည်းကောင်း။ အကုသိုလ်ဟူ၍လည်းကောင်း။ အကြင်တရားကိုပိုင်းခြားဆုံးဖြတ်။ဟုတ်ဟတ်သေချာ မသိချေ။ ထိုသို့မသိဘဲလျက်။ ကုသိုလ် ဟုတ်၏ ဟူ၍ လည်းကောင်း။အကုသိုလ်ဟုတ်၏ဟူ၍လည်းကောင်း ဖြေဆိုခဲ့ငြားအံ့။ မိမိဖြေကြားသောအတိုင်း မှန်မမှန်ကိုပညာရှိတို့ ထံချဉ်းကပ်မေးမြန်း၍။ ပညာရှိတို့က သင်သည်ကောင်းသောဖြေခြင်းပေတည်းဟု ချီးမွမ်းခဲ့လျှင်။ နှစ်သက်ဝမ်းသာမှုဆန္ဒ။ရာဂတို့သည်ဖြစ်ကြလေရာ၏။မှားယွင်းသောဖြေခြင်းပေတည်းဟုကဲ့ရဲ့ခဲ့လျှင်။ အမျက်ဒေါသ။ ပဋိဃတို့သည်ဖြစ်ကြလေရာ၏။ထိုသို့ဆန္ဒ ရာဂ။ဒေါသ။ပဋိဃတို့ဖြစ်ခဲ့ကုန်သော်။စွဲလမ်းမှုဥပါဒါန်သည်ဖြစ်လေရာ၏။ ထိုဥပါဒါန်သည် ငါ့အားပင်ပန်းစေမှု။ အန္တရာယ်ကို ပြုတတ်သောတရားရသာလျှင် ဖြစ်ချေ၏ဟုကြံ၍ ဥပါဒါန်ဘေးကိုကြောက်သောကြောင့်။ ပုစ္ဆာမေးမြန်းလာသည်ရှိသော်။ ။ဧဝံတိ ပိ မေ နေသ။တထာတိ ပိ မေ နေသ။အညထာတိ ပိ မေ နေသ။ နေသတိ ပိ မေ နေသ။ နေသနေသတိ ပိ မေ နေသ။ ။ဟူ၍ဝါစာဝိက္ခေပစကား၏တုန်လှုပ်ခြင်းသို့ရောက်လေ၏။ ချစ်သားရဟန်းများတို့။ ဤသည်ကား။ ဥပါဒါန်ဘေးကြောင့် စကားပြောင်းရွှေ့ တုန်လှုပ်လေ့ရှိသောအမရာဝိက္ခေပမိစ္ဆာဝါဒဒုတိယဌာနတည်း။

ချစ်သား ရဟန်းများ တို့။ အချို့ ကုန်သော ရဟန်းပုဏ္ဏားတို့သည်ကုသိုလ်ဟူ၍လည်းကောင်း။အကုသိုလ်ဟူ၍လည်းကောင်း။ အကြင်တရားသဘောကိုဟုတ်မှန်စွာမသိတတ်၊ထိုသို့မသိတတ်သောကြောင့် ပုစ္ဆာပြဿနာမေးမြန်းလာသည်ရှိသော်။ စကားမတည်တံ့၊ လင်းနို့ခွန်တောင်းလျှင်ကြွက်။ ကြွက်ခွန်တောင်းလျှင်လင်းနို့။ဆိုသကဲ့သို့။ထိုမှဤမှ။ စကားရွှေ့ကြရလေကုန်၏။အဘယ်ကြောင့် ရွှေ့ကြရလေသနည်းဟူမူ။ ချစ်သားရဟန်းများတို့။ထိုရဟန်းပုဏ္ဏားတို့သည်ကား။ အနုယောဂဘေးကိုကြောက်ရွံ့ကုန်သောကြောင့်ဤသို့စကားတုန်လှုပ်ချောက်ချားကြရလေကုန်၏။ အဘယ်သို့အနုယောဂဘေးကို ကြောက်ကြသနည်းဟူမူကား။ထိုရဟန်းပုဏ္ဏားတို့သည်၊မိမိတို့ကကုသိုလ်ဟူ၍လည်းကောင်း။အကုသိုလ်ဟူ၍လည်းကောင်း၊တပ်ရာသေချာ မသိဘဲလျက်။ ပုစ္ဆာ မေးလာသောအခါကုသိုလ်ဟုတ်၏။ အကုသိုလ်ဟုတ်၏ဟူ၍ဖြေကြားခဲ့ငြားအံ့။လောက၌ သိမ်မွေ့နက်နဲသောအရာတို့ကိုသိနိုင်သောပညာရှိတို့သည်ရှိလေကုန်၏။ထိုပညာရှိတို့သည်ငါ့အားအဘယ်ကြောင့်သင်သည် ကုသိုလ်ဟူ၍ ဆိုသနည်း။အဘယ်ကြောင့် အကုသိုလ်ဟူ၍ ဆိုသနည်းဟု စိစစ် မေးမြန်းခဲ့သည်ရှိသော်။ငါသည်ပြည့်စုံကြေနပ်အောင်ဖြေဆိုခြင်းငှါမတတ်နိုင်ချေ၊ ထိုသို့မဖြေဆိုနိုင်ခြင်းကြောင့်၊ငါ့အားပင်ပန်းခွမ်းနယ်။အန္တရာယ်သာလျှင်ဖြစ်ရာချေသည်ဟုကြံ၍။ ပညာရှိတို့မေးစိစစ်အံ့သော အနုယောဂဘေးကိုကြောက်သောကြောင့်။ ။ဧဝန္တိ ပိ မေ နေသ။တထာတိ ပိ မေ နေသ။အညထာတိ ပိ မေ နေသ။နေသတိ ပိ မေ နေသ။ နေသနေသတိ ပိ မေ နေသ။ ။ဟူ၍စကားတုန်လှုပ်ခြင်းသို့ရောက်လေ၏။ ချစ်သားရဟန်းများတို့။ ဤသို့လျှင်။ အနုယောဂဘေးကိုကြောက်သဖြင့်အမရာဝိက္ခေပမိစ္ဆာဝါဒတတိယအယူစကားသည်ဖြစ်လေ၏။

ချစ်သားရဟန်းများတို့။အချို့ကုန်သောရဟန်းပုဏ္ဏား

တို့သည် ပညာနည်းပါးလှသည်၏အဖြစ်။ အလွန်မိုက်လှသည်၏အဖြစ်ကြောင့်။ ။အတ္တိ ပရလောကော။ပရလောကော။ တမလွန်လောကသည်။ အတ္တိ။ ရှိသလောဟုမေးအပ်သည်ရှိသော်။ ရှိသည်ဟူ၍ပင်စိတ်က အောက်မေ့မှတ်ထင်သော်လည်း။ ရှိ၏ဟူ၍လည်း ငါမဆို။ မရှိဟူ၍လည်းငါမဆို။စသည်ဖြင့်စကား၏ပျံ့လွင့်တုန်လှုပ်သောအဖြစ်သို့ရောက်လေ၏။ထိုအတူပင်။ဥပပတ်ပဋိသန္ဓေနေသောသတ္တဝါရှိမရှိ။ကောင်းမှုမကောင်းမှု၏အကျိုးရှိမရှိ။သတ္တဝါသေသည်နောင်ဖြစ်မဖြစ်ဟူသောအမေးပုစ္ဆာတို့ကိုမေးအပ်သည်ရှိသော်။ ။ဧဝံတိ ပိ မေ နော။တထာတိ ပိ မေ နော။အညထာတိ ပိ မေ နော။နောတိ ပိ မေ နော။ နောနောတိ ပိ မေ နော။ ။ဟူ၍စကားတုန်လှုပ်ခြင်းသို့ရောက်လေ၏။ ချစ်သား ရဟန်း များတို့။ ဤသို့လျှင်။ တွေဝေမိုက်မဲ။ပညာနဲ့သောကြောင့်လည်း။အမရာဝိက္ခေပမိစ္ဆာဝါဒ စတုတ္ထအယူစကားသည်ဖြစ်လေ၏။

စကားတုန်လှုပ်ပုံနှင့်။နိဂုံးများကို။ပြခဲ့ပြီးသည်အတိုင်းမှတ်သားကြရာ၏။

အမရာဝိက္ခေပမိစ္ဆာဒိဋ္ဌိ ၄ ပါးပြီး၏။

အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ၂ ပါး။

ချစ်သားရဟန်းများတို့။အချို့ကုန်သောရဟန်းပုဏ္ဏားတို့ သည်။ လောက သည်လည်းကောင်း။ အတ္တသည်သည်းကောင်း။အကြောင်းကင်း၍ဖြစ်၏ဟုယူသောအဓိစ္စသမုပ္ပန္နအယူကို။နှစ်ပါးသောအကြောင်းတို့ကိုစွဲ၍ ပညတ်ပြောကြားကြလေကုန်၏။ ထိုနှစ်ပါးသော အကြောင်းတို့ ဟူသော် ကား။ ချစ်သားရဟန်းများတို့။နာမ်ကားမရှိ၊ရုပ်သာလျှင်ရှိ၍။အသညသတ်အမည်ရှိသော သတ္တဝါတို့သည် ရှိကုန်၏။ ထိုအသညသတ်သတ္တဝါတို့သည်။ ပဋိသန္ဓေသညာ ထင်ရှားစွာဖြစ်ပေါ်မှုကြောင့်။အသညသတ်ဘုံမှစုတေမနေ။သေလွန်၍လာခဲ့လေသော်။ဤလူ့ပြည်လောကသို့ရောက်၍။ အိမ်ရာထောင်သောလူ့ဘောင်မှ။အိမ်ရာမထောင်သော ရသေ့ရဟန်းတို့ဘောင်သို့ကပ်ရောက်လျက်။ ပြင်းစွာသောလုံ့လဝီရိယဖြင့်။ကမ္မဋ္ဌာန်းစီးဖြန်းမှုကို အားထုတ်လေသော်။ စိတ်၏ တည်ကြည်မှု။ ဈာနသမာဓိကိုရလေ၏။ သမာဓိဖြင့်။သညာ၏ဖြစ်ပေါ်ခြင်းကိုကြည့်လေသော်။ဤတဘဝအပြင် မမြင်နိုင် ရှိလေ၏။ ထိုသူသည် ဤသို့သောအယူစကားကိုပြောကြားလေ၏။အတ္တသည်လည်းကောင်း။ဤရူပကာယ ကိုယ်ခန္ဓာ ဟူသော လောက သည်လည်းကောင်း။ အကြောင်းမရှိ။အထိုအလျောက်ဖြစ်ပေါ်၏။ အဘယ်ကြောင့်သိပါသနည်းဆိုသော်။ငါသည်ရှေး၌မဖြစ်ခဲ့ဘူး။ ယခုအသစ်ဖြစ်ပေါ်သည်ဖြစ်သောကြောင့်သိသည်ဟုဆိုလေ၏။ချစ်သားရဟန်းများတို့။ ဤသည်ကားအဓိစ္စသမုပ္ပန္နအယူဖြစ်ခြင်း၏အကြောင်းပဌမဌာနတည်း။

ချစ်သားရဟန်းများတို့။အချို့ကုန်သောရဟန်းပုဏ္ဏားတို့သည် အကြောင်းအထူးမရှိ။ မိမိတို့၏ စိတ်ကူးအကြံဖြင့်သာလျှင်။ အတ္တသည်လည်းကောင်း။ လောကသည်လည်းကောင်း။ အကြောင်းမရှိအလိုလိုဖြစ်၏ဟူသောအဓိစ္စသမုပ္ပန္နအယူစကားကိုပြောကြားကြလေကုန်၏။ ချစ်သားရဟန်းများတို့။ အချို့သောရဟန်းပုဏ္ဏား တို့သည် ဤနှစ်ပါးသောအကြောင်းတို့ကိုစွဲ၍ အဓိစ္စသမုပ္ပန္နအယူစကားကို။ပြောကြားခြင်းဖြစ်လေကုန်၏။

အဓိစ္စသမုပ္ပန္နမိစ္ဆာဒိဋ္ဌိ ၂ ပါးပြီး၏။

သဿတဒိဋ္ဌိ ၄ ပါး။ ဧကစ္စ သဿတဒိဋ္ဌိ ၄ ပါး။ အန္တာနန္တိကဒိဋ္ဌိ ၄ ပါး။အမရာဝိက္ခေပဒိဋ္ဌိ၄ ပါး။အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ၂ ပါး။ ပေါင်းတဆဲ့ရှစ်ပါးသောမိစ္ဆာဒိဋ္ဌိတို့သည်။လွန်ခဲ့ပြီးသောအတိတ်ရှေးအဘို့ကိုအစဉ်လျှော်၍စွဲယူမှားသောကြောင့်ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိမည်ကုန်၏။

ချစ်သားရဟန်းများတို့။အချို့ကုန်သောရဟန်းပုဏ္ဏားတို့သည်။ ပုဗ္ဗန္တကပ္ပိကရှေးအဘို့ကိုကြံစည်၍ ယူတတ်ကုန်သောမိစ္ဆာအယူစကားဘို့ကို။ များစွာပြောကြားကြလေကုန်၏။ထိုသို့ပြောကြားခြင်းသည်။ပြအပ်ခဲ့ပြီးသောအကြောင်း တဆဲ့ရှစ်ပါး တို့ကိုသာ စွဲ၍ ဖြစ်၏။ ထိုအကြောင်းတဆဲ့ရှစ်ပါးမှတပါး။ ပုဗ္ဗန္တကပ္ပိက မိစ္ဆာအယူစကားတို့သည်မဖြစ်ပေါ်နိုင်ကုန်။ဤသို့သောအကြောင်းကိုလည်း။သင်တို့ဆရာငါဘုရားသည်။ပိုင်းခြားထင်ထင်။သိမြင်သည်ဖြစ်၏။ ထိုဒိဋ္ဌိတို့၏အလားကိုလည်း။ဤမည်သောဒိဋ္ဌိကိုစွဲလမ်းသူသည်။ ဤမည်သောဘုံဘဝတို့သို့လားရ၏ဟူ၍လည်း သိမြင်၏။ ထိုထက်အလွန်ကိုလည်းသိမြင်သည်ပင် ဖြစ်၏။ ထိုသို့ သိသော်လည်း။ သင် တို့ဆရာငါဘုရားသည်။ တဏှာ။မာန။ဒိဋ္ဌိအားဖြင့်။သာယာထောင်လွှား။ မှောက်မှားခြင်းမရှိမူ၍။ နိဗ္ဗုတဓါတ်။ချမ်း

သာမြတ်ကိုသိအပ်လေပြီ။ ချစ်သားရဟန်းများတို့။ ဝေဒနာခါတ်တို့၏ ဖြစ်ပေါ်ခြင်း သမုဒယကိုလည်းကောင်း။ ချုပ်ပျောက်ခြင်း အတ္ထင်္ဂမကိုလည်းကောင်း။ ခံစားခြင်း အဿာဒကိုလည်းကောင်း။ အပြစ်ဟူသောအာဒီနဝကိုလည်းကောင်း။ ထွက်မြောက်ခြင်း နိဿရဏကိုလည်းကောင်း။မဖေါက်မပြန်သဗ္ဗညုတဉာဏ်တော်ဖြင့်ကြေန်သိတော်မူသောကြောင့်။ ဘားကိုမြွေနှယ်။ အရတွယ်သောဉပါဒါန်ရ။စွဲလမ်းမှုတို့မှလည်း။ ကျွတ်လွတ်ထွက်မြောက်ရလေပြီ။ ချစ်သားရဟန်းများတို့။ ဧကြင်သူတို့သည် လာခြင်း ကောင်းတော်မူသော သင်တို့ဆရာငါဘုရား၏ဂုဏ်တော်ကျေးဇူးတော်များကို ဟုတ်မှန်တိုင်းထုတ်ဘော်၍။ အလွန်လျှင် နက်နဲစွာသော တရားတို့ကိုမဖေါက်မပြန်သိတော်မူနိုင်သောဘုရား။ မြင်နိုင်ခဲလှစွာသော တရားတော်မြတ်တို့ကို။ မြင်စွမ်းတော် မူနိုင်ပေသော မြတ်စွာဘုရား။ အကြံ သမား တို့၏ အရာမဟုတ်။ ပညာရှိတို့သာလျှင်သိနိုင်ရာသော်သိမ်မွေ့သေးဖွဲ့ထူးကဲလွန်မြတ်သောတရားတို့ကို။သူမဆို။အထိုလိုကိုယ်တော်တိုင်။ထိုးထွင်းသိမြင်တော်မူနိုင်သောမြတ်စွာဘုရား ဟူ၍။ ခံတွင်းမဆံ့။နေ့တိုင်းအံ့လျက်။ ချီးမွမ်း မြှောက်စား။ ပြောဆိုပြားလည်း။ပြောဆိုရာသည်သာဖြစ်၏။

ပုဇ္ဇနကပ္ပ်ကဒိဋ္ဌ ၁၈ ပါးပြီး၏။
ကြွင်းသောအပရန္တကပ္ပိကဒိဋ္ဌိဌာန ၄၄ ပါးတို့ကို။နောက်သတင်းစာနှင့်ဆက်၍ဆတ်ရှုကြရာ၏။

(ဆက်ရန်ရှိသေးသည်။)

—— ✣✣✣ ——

ရန်ကုန်မြို့။
ကောလိပ်သိပ္ပံကျောင်း။ဗုဒ္ဓဘာသာကျောင်းသားတို့ကိုယ်ကျင့်တရားကောင်းမြတ်ရန်။အရှင်ဦးဝါယာမတရားဓမ္မဟောကြားခြင်း
အကြောင်း။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်။ လူရှင်အပေါင်း တို့သည်။ ကောင်းကျိုးချမ်းသာကိုရအံ့သော၄ါ။နေ့စဉ်မပြတ်။ရတနာမြတ်သုံးပါးကို။ဆည်းကပ်ဝတ်ပြုဆုတောင်းကြသည်၏အဆုံး၌။ ဗိပ္ပတ္တိ တရား။ ပျက်စီးခြင်း လေးပါးမှ ကင်းလွတ်၍။စက်လေးပါးနှင့် ပြည့်စုံရန်ကို။ ဆုတောင်းပတ္ထနာပြုကြကုန်၏။ ထိုသို့ဆုတောင်းကြကုန်သောစက်လေးပါးတို့တွင်။ သပ္ပုရိသုပနိဿယစက်နှင့် အတ္တသမ္မာပဏိဓိစက်သည်။လိုအပ်သောအချက်ကြီးနှစ်ရပ်ဖြစ်၏။ သပ္ပုရိသုပနိဿယစက်ဟူသည်ကား။ပစ္စုပ္ပန်သံသရာ။နှစ်ဖြာသော လောက၌။ ချမ်းသာရကြောင်း။တရားအစရှိသော သူတော်ကောင်းတို့၏နည်းကောင်းနိဿယဖြစ်၏။ အတ္တသမ္မာပဏိဓိစက်ဟူသည်ကား။မိမိ၏ကိုယ်နှုတ်နှလုံး။သုံးပါးလုံးသည်။သူတော်ကောင်းတို့၏အဆုံးအမ၌ တည်နေနိုင်ရန် ဆောက်တည်မှုဖြစ်၏။ ယင်းသပ္ပုရိသုပနိဿယစက်။အတ္တသမ္မာပဏိဓိစက်တို့နှင့်။ အကြင်အမျိုးသားတို့သည်ပြည့်စုံကြ၏။ ထိုအမျိုးသားတို့သည်တနေ့တခြား။တလတပါး။ကြီးပွါးကြမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ဗုဒ္ဓဘာသာဝင်။ လူရှင်အပေါင်းတို့။ နှစ်သိမ့်ဝမ်းမြောက်ဘွယ်ရာ။ သူတော်ကောင်းတို့၏နည်းနာကိုရ၍။ မိမိတို့ကိုယ်ကိုတသက်ပတ်လုံး။ သူတော်ကောင်းတို့၏တရားဥပဒေအတွင်းသို့။ အပ်နှင်းကြသည့်ကျွန်ုပ်တို့တွေ့မြင်ရသော အမျိုးသားငယ်။ ငါးဆယ်ကိုးယောက်တို့မှာ။ရန်ကုန်မြို့။ ကောလိပ်သိပ္ပံကျောင်း။ဘီ။အေ။တန်း။အိုင်။ အေ။ တန်းတို့၌။ အတတ်ပညာ သင်ကြားရှိနေကြသောအသက်အရွယ် နုငယ်ပျိုမျစ်သည့် သူငယ်ကလေးများဖြစ်ကြကြောင်း။

အကြောင်းကို ဆိုသော်။ လွန်ခဲ့သော ဝါဆိုလဆုတ် ၁၄ ရက်။ တနင်္ဂနွေနေ့က။ ကောလိပ်ကျောင်း အခန်းကြီးတခု၌။ဗုဒ္ဓမြတ်စွာဘုရား၏တရားဓမ္မများကိုနာခံမှတ်သားကြရန်။ ကျောင်းသားသူငယ်တို့ဗုဒ္ဓဘာသာအသင်းက။ အစည်းအဝေးပြုလုပ်ကြရာ။ ထိုအခါ၌ကျောင်းသားများအပြင်။ ဝတ်လုံတော်ရရှေ့နေ မောင်ခင်။ အခွန်ဝန်မောင်ရွှေဖဲအောင်။ ပညာဝန်ထောက် ဦးရန်း။ ဓမ္မသဝနအသင်းစက္ကရီတေရီ။ မစ္စတာ။ ဂျေကပ်။ ပညာရေးဌာနစာပြင်ဝန်ထောက် မစ္စတာ။ ရိုဝန်းစိန်။ သမာဓိ မြို့ဝန်ရုံးစာရေးကြီးကိုဘ။တော်ဝိရှာပွဲစားကြီးကိုဘစောတို့နှင့်တကွ။ အခြား ဂုဏ်အသရေရှိ။ လူကြီး လူကောင်း တို့လည်းပါဝင်စည်းဝေးလျက်ရှိကြကြောင်း။

ထိုအခါတရားဟောသောပုဂ္ဂိုလ်မှာ။ လယ်တီဆရာ

တော်ဘုရားကြီး၏တပည့်။ ရန်ကုန်မြို့။ ဓမ္မသဝနဗုဒ္ဓသာသနာပြုအသင်း၏ဦးစီးနာယက။ဒါရက္ကတာဖြစ်သောဓမ္မကထိကပုဂ္ဂိုလ်ကျော်။ အရှင်ဦးဝါယာမကိုယ်တော်ဖြစ်၏။ ထိုအရှင်မြတ်သည်။ သတ်မှတ်သော အချိန်နာရီကျရောက်ကာလ။ ကောလိပ်ကျောင်းသို့ ကြွရောက်။အခန်းကြီးအတွင်း။ ခင်းကျင်းထားအပ်သောတရားပလ္လင်ထက်သို့။ တက်ရောက်တော်မူမိသည်နှင့်တပြိုင်နက်။ တရားနာ ပရိသတ်တို့သည်။ ညွတ်ပျပ်ရိုကျိုး။ရှိခိုးဝတ်ပြု။ ကန်တော့ပူဇော် ကြပြီးလျှင်။ သူတော်သူမြတ်တို့အား ပြုရသော ဝတ်တရားအလျောက်။ ။အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ။ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ ။ဟု သုံးကြိမ်ရွတ်ဆို၍။ အကျွန်ုပ်တို့အား။ ကိုယ်ကျင့်တရား။ ငါးပါးသီလကို ပေးသနားတော်မူပါဟု တောင်းခံဆောက်တည်ကြလေ၏။ ထိုသို့ တောင်းခံဆောက်တည် ကြပြီးနောက်။ အစည်းအဝေးပါ။ ပညာဝန်ထောက်ဦးရန်းက။ ပရိသတ်တို့၏အလိုဖြင့် လျှောက်ထားသည်မှာ။ တပည့်တော်များသည်။ရတနာသုံးပါးကို။အထူးလေးမြတ်ကြည်ညိုသူများဖြစ်ကြပါသဥ် အတိုင်း။ဗုဒ္ဓအဂါရဝ။ ဓမ္မအဂါရဝ။ သံဃာအဂါရဝမှုများကို။တရံတခါစ်မျှမပြုလို။ ရှိသေသည်ထက်သာရှိသေလိုကြပါသည်ဖြစ်၍။ မည်သို့ပြုလုပ်တရားနာကရှိသေသဥ်။ မည်သို့ ပြုလုပ်က မရှိ မသေ ဖြစ်သည်ကို သိလို ကြပါကြောင်း။ယခုအခါ ဤတရားသဘင်အစည်းအဝေးအခန်းတွင်း၌။ ခုံတန်းလျှားရှည်တို့ဖြင့်။စီမံခင်းကျင်းထားသောကြောင့်၊ထိုခုံတို့တွင် ထိုင်နေ၍ တရား နာယူထိုက်မည် မထိုက်မည်ကို လျှောက်ထားကြောင်း။

ထိုအခါ ဓမ္မကထိက ပုဂ္ဂိုလ် သူမြတ်က။ ရှိသေအပ်ရှိသေထိုက် ရှိသေသင့်သော အရာတို့ကို။ မြတ်နိုးရှိသေခြင်းသည်။ ဝိသေ သဘာဂ ထူးလည်သော အဘို့အရာ ဖြစ် ကြောင်း နှင့် မြတ်စွာ ဘုရား ဟော ကြား တော် မူသောဒေသနာမှာ။ ။ကတမေ ဆ ဓမ္မာ ဝိသေသဘာဂိယာ။ဆ ဂါရဝါ။ ။ဟူ၍ဖြစ်သည်။အဓိပ္ပါယ်ကား။ ဂါရဝတရားခြောက်ပါးတို့သည်။ ထူးခြားသော အဘို့အရာ။ ပဋိပတ္တိသဒ္ဓမ္မ။ နှစ်ဖြာဘဝ။ ချမ်းသာရခြင်းအကြောင်း။ ကောင်းမှုကြီးအစစ်။ ဖြစ်သည့် ဟူ၍ ဆိုလို၏။ ထိုရှိသေခြင်းခြောက်ပါးဟူသည်ကား။ဘုရား၌ရှိသေခြင်း။ တရား၌ရှိသေခြင်း။ သံဃာ၌ ရှိသေခြင်း။ သိက္ခာသီလ၌ ရှိသေခြင်း။ မမေ့မလျော့မှုအပ္ပမာဒ၌ ရှိသေခြင်း။ ညီညွတ်စေ့စပ်မှုပဋိသန္ထာရ၌ရှိသေခြင်းဟူ၍ဖြစ်သည်။

ထိုခြောက်ပါးတို့တွင် ဘုရား၌ ရှိသေခြင်း ဟူသည်ကား။ မြတ်စွာဘုရား ထင်ရှား ရှိတော်မူစဉ်အခါ။ အနီးအနားသို့သွားရောက် ဝတ်ပြုခြင်းသည် လည်းကောင်း။ မြတ်စွာ ဘုရားသည် ဘိနပ်စီး၍ စင်္ကြံ ကြွလတ် သော်။ မိမိက ဘိနပ်မစီးမူ၍ လည်း ကောင်း။ မြင့်သော အရပ်တွင် မြတ်စွာဘုရား သိတင်းသုံးတော်မူလျှင်။ နိမ့်သော အရပ်ကနေ၍ လည်းကောင်း။ မြတ်စွာဘုရား မြင်တော်မူလောက် သော အရပ် ဌာန တို့၌။ ထီး ဆောင်း ခြင်း။ ဘိနပ်စီးခြင်း။ ရေချိုးခြင်း။ ကျင်ကြီးကျင်ငယ် စွန့်ခြင်းစသော မသင့်မလျော်သော အမူအရာတို့ကို မပြု။ ကြဉ်ရှောင်ခြင်းသည်လည်းကောင်း။ဘုရား၌ရှိသေသည်မည်၏။မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည်နောက်၌မူကား။ကိုယ်စားတော်စား။ ရုပ်ပွါးစေတီကို။ ရှိသေသမှု။ အလေးပြုခြင်းသည်။ဘုရား၌ရှိသေသည်မည်၏။

တရား၌ရှိသေခြင်းမည်သည်ကား။တရားနာရန်စည်းဝေးရာ အရပ်သို့။ ရှိသေစွာ သွားရောက်ခြင်း။ တရားနာစဉ်အခါ။တဦးနှင့်တဦးစကားကမ်းလှမ်းမပြောမဆိုခြင်း။ တရားဟောပုဂ္ဂိုလ်၏ ဆိုလိုသော အနက် အဓိပ္ပါယ်တို့ကို။ပြောဟောတိုင်းမှတ်သားခြင်း။ ပြောဟောတိုင်းသင်ကြားခြင်းများသည် တရား၌ရှိသေလေးမြတ်ခြင်းမည်၏။ ထိုတရား၌မရှိသေခြင်းဟူသည်ကား။ တရားဟောဓမ္မကထိကပုဂ္ဂိုလ်၏ ရှေ့မှောက်၌။ မိုးမိုးမတ်မတ်။မခန့် လေးစား။တမင်ပြုလုပ်ခြင်း။ တရားနာစဉ်အခါလည်း၊နားစိုက်၍မထောင်။ ပြောလိုရာရာစကားများကို ပြောကြားခြင်း၊ ဆိုလိုတိုင်းကိုမမှတ်မသားခြင်းများသည်တရား၌မရှိသေခြင်းမည်၏။

အိုဒါယကာတို့။ ယခုအခါ စည်းဝေးရောက်လာကြသော သင်တရားနာပရိသတ်တို့မှာ။ တရားဟောပုဂ္ဂိုလ်ဖြစ်သောငါရဟန်းကို ရှိသေလေးမြတ်၊ ညွတ်ပျပ်ရိုကျိုး။ ရှိခိုးရုံမျှမက။တပည့်တော်တို့သည်ကား။ ရတနာသုံးပါးကို။ကိုးစားလည်းလျောင်း။ ပုန်းအောင်းမှီခိုသူများဖြစ်ကြ

ပါကြောင်း။ဘုရားအဆုံးအမဖြစ်သော ကိုယ်ကျင့်တရား။ ငါးပါးသီလကို ဆောက်တည် စောင့်ရှောက်ကြ ပါမည့် အကြောင်းနှင့်။ နှုတ်မြွက် လျှောက်ထားကြပြီ ဖြစ်သော ကြောင့်။ သဘောကြေနပ်ဘွယ်ရာ။ ရိုသေသော အမှုအ ရာတို့ကိုတွေ့မြင်ရလေပြီဖြစ်၏။ ထိုနောက်ဟောတော်မူ လတ္တံ့သော တရားများကို။ မှတ်သားလိုသော အမှုအရာ ဖြင့်။ငြိမ်သက်တည်ကြည်စွာ။ မိမိတို့နှင့်သင့်လျော်သော နေရာ။တရားဟောပုဂ္ဂိုလ်၏ တရားပလ္လင်ထက်နိမ့်သော အရပ်။ ခုံတန်းလျှားတို့၌ ထိုင်နေကြသည်ကိုလည်း တွေ့ မြင်ရပြီ။ သို့ဖြစ်၍ဒါယကာတို့။ ယခုသင်တို့ပြုမူကြပုံများ သည်။ တရားနှ၌ရိုသေလေးမြတ်သည့် အမှုအရာသာလျှင် ဖြစ်ကြသည်။ မရိုသေသော အဂါရဝမှုများ မဟုတ်ကြ ချေ။

မြတ်စွာဘုရား ဟောကြား တော် မူသော ဒေသနာ တော်တရပ်မှာလည်း။တိသော ဣမာ ဘိက္ခဝေ ဝန္ဒနာ။ အစရှိလျက်။ ရှိခိုးရိုသေမှုကိုပြုခြင်းသည်။ ကိုယ်ဖြင့်ရှိခိုး ရိုသေခြင်း။ နှုတ်ဖြင့် ရှိခိုးရိုသေခြင်း။ စိတ်ဖြင့်ရှိခိုးရိုသေ ခြင်းဟူ၍သုံးမျိုးသုံးစားရှိသည်။ ထိုသုံးမျိုးတို့တွင်။ ကိုယ် ဖြင့်ရိုသေသင့်သောအခါ။ပဥ္စပတိဋ္ဌိတ။တည်ခြင်းငါးပါး တို့ဖြင့်။ တုပ်ဝပ်ရိုသေမှု။ နှုတ်ဖြင့်ရိုသေသင့်သောအခါ။ ဘုရားကျေးဇူး။ တရားကျေးဇူး။ သံဃာကျေးဇူး စကား များကို။ နှုတ်ဖြင့်မြွက်ကြား ပြောဆိုမှုကို ပြုကြရမည်။ ထိုအတူစိတ်နှလုံးဖြင့်လည်း။ ဂုဏ်တော် ကျေးဇူးတော် များကိုအောက်မေ့နှလုံးသွင်းကြရမည်ဖြစ်သည်။

အကြင်အခါ၌ မြတ်စွာဘုရားက။ ။ဓမ္မံ ဘိက္ခဝေ ဒေသိဿာမိ။တံ သုနာထ သာဓုကံ မနသိကရောထ။ ။ ဘိက္ခဝေ၊ရဟန်းတို့။ အဟံ၊ငါဘုရားသည်။ဓမ္မံ၊ ကြောင်း ကျိုးဟုတ်ဟတ်။တရားမြတ်ကို။ဒေသိဿာမိ၊ ဟောကြား အံ့။တံ၊ထိုငါဟောလတ္တံ့သောတရားကို။သုနာထ၊နာခံကြ ကုန်။သာဓုကံ၊ကောင်းစွာ။မနသိကရောထ၊ နှလုံးထဲစိတ် ထဲသို့ထည့်သွင်းကြလေကုန်။ ။ဟူ၍မိန့်တော်မူသော အခါ။ သင်ဒါယကာတို့သည် အဘယ်ကဲ့သို့ ပြုကြမည် နည်း။ ပြုရမည့် နည်းလမ်း မှာ။ သုနာထ၊ နာခံ ကြလေ ကုန်ဟု ဆိုသောအခါ။သင်ဒါယကာကြီးများနှင့်ကျောင်း သားများက။ မျက်စိနှင့်ပြူးပြူးစိစိ ကြည့်မနေကြလေနှင့်။ မျက်စိအလုပ်မဟုတ်။ကိုယ်အင်္ဂါ။လက်နှစ်ဘက်ကို ထိပ် ပေါ်တွင်တင်မြှောက်၍။ ဒူးနှစ်ဘက်ကိုကွေးလျက်။ ဝမ်း လျားထိုး၍လည်း မနေကြလေနှင့်။ ကိုယ်အင်္ဂါ အလုပ်မ ဟုတ်။လျှာနှင့် လျက်ရန်။နှာခေါင်းနှင့်နမ်းရှုရန် တို့လည်း မဟုတ်။ဒါယကာတို့။ သဝနကိစ္စအလုပ်ရှိသော သောတ ပသာဒ နား၏အလုပ်။သောတဝိညာဉ်၏ အလုပ်သာဖြစ် သည်။သို့ဖြစ်၍တရားနာကြဆိုလျှင်။ကိုယ်အင်္ဂါကိုတော် တန်သဖြင့်အောက်ထား၍။ နားနှင့်သာ သက်သက်။ ကြိုး ကျယ်စွာအလုပ်ပြုလုပ်ကြရမည်ဖြစ်သောအခါတည်း။

အိုဒါယကာတို့။ ငါတို့နိုင်ငံမှာရှေးအခါကာလကစ၍ ယခုထက်တိုင် အလေ့အကျက်တို့သည်။ အကျိုးကျေးဇူး မရှိသည့် အရာ တို့၌။ အလေးအမြတ် ပြုလုပ်လျက် နေ ကြ၏။ အကြောင်း မူကား။ တရား နာယူ သော အခါ။ တရားဟော ပုဂ္ဂိုလ်၏ ရှေ့မျှောက်တွင်။ လက်မြှောက် ထိပ်တင်။ အစဉ်ဒူးကွေးလျက်။ ဝန်လေးသောအပြုအမူ ကြီးတို့ကို။ ပြုလုပ်လျက် နေကြ၏။ ထိုသို့သော ဝန်ဒုက္ခ ကြီးတို့ကိုကြောက်ရွံ့ကြကုန်သောကြောင့်။တရားနာကြ တော်မူပါဟုဘိတ်ခေါ်သံကြားလျှင်။သဥ်းဖျားထုန်ဆတ် ထိတ်လန့်ကြကုန်လျက်။ရှောင်နိုင်သမျှရှောင်။ကွင်းနိုင်သ မျှကွင်း။ ဆင်ခြေတက်နိုင်သမျှတက်ကြ၏။ အလွန်တရာ အားနာဘွယ်မိတ်ဆွေတို့က။မလာလျှင်မနေသာအတင်း အကျပ် ဘိတ်ခေါ်သောအခါမှသာ။ ဝဋ်ဒုက္ခအညောင်း အိုးကြီးကို။ စွတ်တိုး၍ လာကြ၏။ အလှူရှင် မိတ်ဆွေကို အားနာ၍။တရားနာယူသောအခါမှာလည်း။ ညောင်းညာ မှုဒုက္ခပြင်းထန်စွာ နှိပ်စက်လာသည်နှင့်။ တရားကို ရိုသေ စွာမမှတ်မသားနိုင်မူ၍။၅ မိနစ်လျှင်တခါ။ ၁၀မိနစ်လျှင် တခါ။ ဘယ်ညာ ပြောင်းရွှေ့။ ညီးငွေ့စိတ်ပျက်။ သည် ဘုန်းကြီးတရားရှည်လှသည်ဟူ၍ပင်။အမျက်ထွက်တတ် ကြ၏။

အချို့သူတို့မှာမူကား။အားနာလောက်သောမိတ်ဆွေ က ဘိတ်မန်သောကြောင့်၊ တရားနာအလို့ငှာ။ အလှူသို့ သွားကြသော်လည်း။ မွှေးမွှေးသောစားဘွယ်သောက် ဘွယ်တို့ကိုသာ စားသောက်လျက်။ တရားနာဘေးကြီး ကိုကြောက်ရွံ့ကုန်သဖြင့်။ လျင်မြန်စွာ ထွက်ပြန်သွားကြ ၏။ထိုအကြောင်းကိုသိသူအချို့အလှူရှင်တို့သည်။လက်ဦး

ပဋ္ဌမအစာအာဟာရများကိုမကျွေးသေးဘဲ။တရားနာယူပြီးသောအခါမှ။ကျွေးမွေးလှူဒါန်းမှုကိုပြုကြ၏။

ယင်းသို့လျှင်ငါတို့နိုင်ငံ အစဉ်အလာထုံးစံအားဖြင့်။ တရားနာမှုများသည်။ ဘေးဒုက္ခ ကြီးကျယ်လှသည့် ဖြစ်သောကြောင့်။ အတော်အတန် ချမ်းသာကြသော မိန်းမယောကျ်ားတို့သည်။ထိုဘေးဘယကြီးတွေကိုကြောက်ရွံ့ကြသည်အတွက်။ တရားတည်းဟူသောလာဘ်လာဘကြီးမှလည်းလွဲရကြ၏။လေးလေးမြတ်မြတ်။ အရေးကြီးပြုလုပ်အားထုတ်ရမည့်ဖြစ်သော တရားတော်မြတ်ကြီးတို့ကိုလည်း။ လေးစားမမှုနိုင်။ ဂရုမစိုက်နိုင်။သွေဖျောင်ဖယ်ကွင်းကြ၏။

ထိုသို့ တရားနာခြင်းကို ရှောင်ကွင်းကြရ ကုန်သောဗုဒ္ဓဘာသာအမျိုးသားတို့သည်။တနေ့ထက်တနေ့။တလထက်တလ။တနှစ်ထက်တနှစ်။ မိမိတို့ကိုးကွယ်ရင်း ဘာသာအယူဝါဒ၌။ ပေါ့ပေါ့ဆဆဖြစ်ကြ၍။ ပျော်မွေ့ဘွယ်လည်း ကောင်းသော ရတနာသုံးပါးနှင့်လည်း စပ်သွယ်သောဘုရားပွဲ။ မီးထွန်းပွဲပြုလုပ်ခြင်း။ တရုပ်နတ် တင်သကဲ့သို့။ ဆွမ်းတော်ကြီးပွဲအကြီးအကျယ်ပြုလုပ်ခြင်း။နှစ်ကျိပ်ရှစ်ဆူ။ နှစ်ကျိပ်ကိုးဆူအလှူ။ မြင်းမိရ်ပွဲကြီးများကိုပြုလုပ်ခြင်း။ ဘုန်းကြီး ရဟန်း ပြန်တော် မူသော ရုပ်အလောင်းကိုပင်။ တခမ်း တနား။အကြီးအကျယ်။ ပြုလုပ်သင်္ဂြိုဟ်ခြင်း စသော ထိုရင်းမဟုတ် လှသည့် အလုပ်တို့ဘက်သို့တစတစပြောင်းရွှေ့လိုက်စား။ပျော်ပါးကြ၏။ထိုသို့ဘုရားသာသနာစစ် မဟုတ်သည့် ပညာရှိတို့အလွယ်တကူ သိနိုင်ရာသော အမှုမျိုးတို့သို့။ လူအပေါင်းတို့ အလိုက်အစားများကြသည်မှာ။ တရားနာဘေး။ ဝန်လေးလှသော ဝဋ်ဒုက္ခကြီး၏ အတွက်ကြောင့် ဖြစ်သည် ဟူ၍လည်းဆိုအပ်ချေ၏။

ယင်းသို့လျှင်ရှိသေသမှု။အလေးပြု၍တရားတော်ကိုရိုသေလေးဟန်။ အမည်ကောင်းကို ခံယူ ပြုလုပ်ကြသော်လည်း။ရိုသေရာသို့မရောက်ချေ။ အဂါရဝဖြစ်သည်ကိုမသိ။ပြုမိပြုရာကိုသာပြုလုပ်နေကြသော လူအပေါင်းတို့သည်။ တခါတရံ တရားနာခြင်းဟူသော အလုပ်ကိုလက်ဦးပဌမ။သိလခံစက။ကြည်လင်ရွှင်ပျကြသော်လည်း။ တရားဟောသောအခါ။အတန်ငယ်ကြာလျှင်ပင်။ဇက်ညောင်းလက်ညောင်းပခုံးညောင်းဖြစ်၍။ ထိုနမိဋ္ဌဘိလူးစီးသောကြောင့်။ မရှက် မကြောက်သာ။ လူလယ်ကောင်မှာပင်။ ဝမ်းလျှား ထိုးမှောက်။ ဟောက်လျက် အိပ်ပျော်ကြကုန်၏။ တချို့လည်း ထိုင်လျက်ပင်။ တရား ဝင်လေဟန်နှင့်။ မျက်စိကိုမှိတ်၍။တဆတ်ဆတ်ငိုက်မျည်းကြ၏။ဤကဲ့သို့ ရှက်ဘွယ် လိလိ။ အတိ အဂါရဝ မှုကြီးများ ဖြစ်ရခြင်းသည်။ အဘယ် အတွက်ကြောင့် ပါနည်းဟု ဆိုသော်။ ရှေးရိုးစဉ်လာ။ ရိုသေစွာပြုမှု ဟူသော ဝဋ်ဒုက္ခကြီးတို့ကြောင့်ဖြစ်၏။

သို့ဖြစ်၍ အိုဒါယကာတို့။ ရိုသေမှုဟူ၍ပင် ဆိုသော်လည်း။ ရိုသေရာသို့ ရောက်သောအရာ။ ရိုသေရာသို့ မရောက်သောအရာတို့ကို။ ကောင်းစွာထင်မြင်။ ဆင်ခြင်စဉ်းစားကြ၍။ ရှေးရိုး နည်းဟောင်းတို့သည်။ အကျိုးစီးပွါး။ ကြီးမားလောက်ဘွယ်မဟုတ်။ ဆုတ်ယုတ် ပျက်စီးကြောင်း မှန်က။ လျှင်မြန်စွာပြုပြင်ပြောင်းလဲ၍။နည်းသစ်နည်းကောင်း။ထပ်လောင်းပြင်ဆင်ရာသည်ဟူသော ဥပဒေသကိုလည်းသိကြရာသည်။

ယခုအခါ။ ကောလိပ် သိပ္ပံ ကျောင်းသားတို့ ကောင်းစွာစီမံကြသော ခံတန်းလျှားရှည်တို့တွင်။ ရိုသေစွာထိုင်လျက်။ သွက္ခာတစသောဂုဏ်တို့နှင့်ပြည့်စုံသော တရားဓမ္မများကို။ ညောင်းညာ ခြင်းဘေး။ ကင်းဝေးသည် အလျောက်။ငိုက်မျည်းမှု။ အိပ်စက်မှု။ စကားတီးတိုးပြောဆိုမှုများကိုမပြုကြမူ၍။ ငါဟောကြားလတ့်သောတရားတို့၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်များကို နားထဲသို့ သွန်းလောင်းသကဲ့သို့။နှလုံးတွင်းသို့ထည့်သွင်းမှတ်သားနာယူကြခြင်းများသည်။ ထိုတရားနာရာ၌။အထူးအချွန်။အလွန်အကဲဖြစ်သော အတိဂါရဝ။ ရိုသေကြခြင်းအစစ် ဖြစ်သဉ်။ ထိုသို့ရိုသေမှုကိုသိကြကုန်သောလူကြီးလူကောင်းအပေါင်းတို့နှင့်။ ကျောင်းသားလုလင်ပျိုတို့သည်။ အရပ်တွင်းမြို့တွင်းတို့၌လည်း။ သာသနာပျက်စီးမှု။လူအပေါင်းတို့ အကျိုး စီးပွါး။ ပျက်ပြား စေမှု တို့သည်။ တစတစ ပျောက်ကွယ်ရှိလေအောင်။ တတ်အားသမျှပြုပြင်ပြောင်းလဲ၍။ တရားနာမှုစနစ်ကို။အသစ်တည့်ထောင်ကြရမည် ဟူသော ဥပဒေသကိုလည်း ဆိုလိုသည်။ ထိုတရားနာမှုကို အသစ်ထူထောင်၍။ ညောင်းညာ ဘေးကြီးမရှိမူ၍။

ယခုကဲ့သို့။ခုံတန်းသျှားရှည်တို့တွင်တင့်တယ်စွာထိုင်နေလျက်။တရားနာခုပါမူကားလူအပေါင်းတို့သည်ကောင်းစွာတရားနာယူကြလိမ့်မည်။ တရားနာရင်းအိပ်စက်ငိုက်မျည်းလျက်။ တရှူးရှူးဟောက်ဟက်နေကြသောအယုတ်တမာ အဂါရဝ သတ္တဝါကြီးတို့သည် ပျောက်ကွယ်ကြလိမ့်မည်။တရားနာသူအရေအတွက်ပေါများ၍။သူတော်ကောင်းတို့၏ တရားများသည်။ တနေ့တခြား။ တလတပါး။ထွန်းကားလိမ့်မည်။အပါယ်လေးပါးလားသူနည်းပါး၍။သုဂတိနတ်ရွာစသည်တို့သို့ သွားသူများကြလိမ့်မည်။ဤသည်ကား ဒါယကာဦးရန်း၏လျှောက်ထားချက်အရ။အမြွက်မျှဟောကြားအပ်သောဓမ္မဂါရဝ။ အဂါရဝမှုများကိုရှင်းလင်းဘော်ပြချက်ဖြစ်၏။

ထိုမှတပါး။ကျောင်းသား လုလင်ပျိုတို့နှင့် တော်တန်သော တရားဓမ္မများကို ဟောကြားရန် ရှိသေးသည်ဟု မိန့်တော်မူ၍၊ ပညာ၏ အကျိုးကျေးဇူးကို ပြသောမျှောင်ခါတ်နှင့်အရောင်ခါတ်အကြောင်းကို။အကျယ်ဝေဘန်၍ ဟောကြား တော် မူသည်။ ထိုမျှောင် ခါတ်နှင့် အရောင် ခါတ်၏ အကြောင်းကို။ ကျွန်ုပ်တို့၏ အသင်းသတင်းစာနောက်တပတ်တွင်ဆက်လက်ဘော်ပြမည်ဖြစ်သည်။

ထိုနောက် ဓမ္မကထိကပုဂ္ဂိုလ်သူမြတ်က။ ကောလိပ်ကျောင်းသား လုလင်ပျိုတို့တွင်။ နောင်အနာဂတ်ကာလ၌ ကျရောက် လတ္တံ့သော ဘေးရန် ဥပဒ်ကြီးကို။ တား ဆီးကန့်ကွက်။ ပယ်ဖျက် သုတ်သင်သောအားဖြင့်။ထိုအမျိုးသားတို့သည်ကား။အစဉ်သဖြင့် လူ့ပြည်လောက၌ ထင်ရှားသော လူကြီးလူကောင်းတို့သာလျှင်ဖြစ်ကြစေရန်ကို ရည်သန်တောင့်တ၍။ဖျောင့်ဖျတရားဟောတော်မူလျက်။ သင်တပည့်လုလင်ပျိုတို့သည်ဘုရားအစရှိသောသူတော်ကောင်းများနှင့်။ လူကြီးလူကောင်းတို့သည် စက်ဆုပ်ရွံရှာအပ်သော သေအရက်သောက်မှုတို့ကို တသက်ပတ်လုံး။မသောက်မစားရန် ခံဝန်ချုပ်ပြုလုပ် လှူဒါန်းနိုင်ကြပါမည်လောဟု မေးမြန်းတော်မူကြောင်း။ ထိုအခါကျောင်းသား သူငယ်တို့က။ တပြိုင်နက် ခံဝန် လှူဒါန်းနိုင်ကြပါကြောင်းနှင့် လျှောက်ထားကြလေသည်။ထိုနောက် သေအရက်ကို တသက်ပတ်လုံးမသောက် မစားရန်။ ရဲဝံ့စွာဆောက်ဘည်ခံဝန်နိုင်သော တပည့်တို့သည်။မတ်တတ်ထရပ်လျက် နေကြရမည် မိန့်တော် မူသည်နှင့် တပြိုင်နက်။အလုံးမတ်တတ်ထရပ်ကြကြောင်း။ ယင်းသို့လျှင်သူတော်ကောင်းတို့၏တရားဥပဒေအတွင်းသို့ မိမိတို့ကိုယ်ကိုအပ်နှင်းခံဝန်ကြကုန်သောအမျိုးသား ယောကျ်ားငယ်တို့၏ ပြုမှုကြံပုံများအတွက်။ ထိုကျောင်းသားငယ်တို့၏ ဘမိများနှင့်တကွ၊ လူကြီးလူကောင်း အပေါင်းတို့သည်၊ သာဓုအနုမောဒနာကောင်းစွာပြုကြလိမ့်မည်ဖြစ်၏။

ထိုသို့သူတော်ကောင်းအဖြစ်ခံဝန်ချက်လက်မှတ်ရေးထိုးကြကုန်သော သူငယ် လုလင်ပျိုတို့၏အမည်နာမစာရင်းများကိုလည်း။တိမ်ကော ပျောက်ပျက်မရှိစေရန်။ ဤသတင်းစာတွင် အောက်ပါအတိုင်း ထည့်သွင်း ဘော်ပြထားသည်။

၁၂၇၀ ပြည့်နှစ်။ ဝါဆိုလဆုတ် ၁၄ ရက်။ တနင်္ဂနွေနေ့တွင်။ လယ်တီဆရာတော်ဘုရားကြီးတပည့်
ဦးဝါယာမအရှင်မြတ်ထံ။သုရာမေရယကိုအသက်ထက်ဆုံးရှောင်ကြဉ်ရန်ဝန်ခံသော
ရန်ကုန်မြို့။ ကောလိပ်ကျောင်း။ ဗုဒ္ဓဘာသာအသင်းသားတို့စာရင်း။

| | | | | |
|---|---|---|---|---|
| ၁ | စော်ထွန်းတိတ် | ၂၃ နှစ် | မော်လမြိုင်မြို့ | ဘီ။အေ။အထက်တန်း။ |
| ၂ | မောင်မောင် | ၂၁ နှစ် | မြိတ်မြို့ | ၎င်း |
| ၃ | မဗ္ဗတာ။ဟာ်ဒါဆင် | ၁၉ နှစ် | ရန်ကုန် | ၎င်း |
| ၄ | မောင်ဘသိန်း | ၂၂ နှစ် | ၎င်း | ၎င်း |
| ၅ | မောင်စိန်ညွန့် | ၁၉ နှစ် | ၎င်း | ၎င်း |
| ၆ | မောင်သိန်းမောင် | ၁၉ နှစ် | ပေါင်းတည်မြို့ | ဘီ။အေ။အောက်တန်း။ |

| | | | | |
|---|---|---|---|---|
| ၇ | မောင်ဘိုးအုန်း | ၂၃ နှစ် | ပြည်မြို့ | ဘီ။အေ။အောက်တန်း။ |
| ၈ | မောင်ကြီး | ၂၁ နှစ် | ရန်ကုန်မြို့ | ၎င်း |
| ၉ | မစ္စတာ။ဂျော် | ၂၃ နှစ် | ကြို့ပင်ကောက် | ၎င်း |
| ၁၀ | မောင်ဘစိန် | ၂၁ နှစ် | ပျဉ်းမနား | ၎င်း |
| ၁၁ | မောင်အောင်ဖဲ | ၂၀ နှစ် | မြင်းမြို | အိုင်။အေ။အထက်တန်း။ |
| ၁၂ | မောင်ငွေခိုင် | ၁၉ နှစ် | မော်လမြိုင် | ၎င်း |
| ၁၃ | မောင်ပဲ | ၂၂ နှစ် | ပုသိမ် | ၎င်း |
| ၁၄ | မောင်ဘသန်း | ၂၂ နှစ် | ၎င်း | ၎င်း |
| ၁၅ | မောင်ထွန်း | ၂၀ နှစ် | ၎င်း | ၎င်း |
| ၁၆ | မစ္စတာ။ဟာယ်ရီဒဆ် | ၁၈ နှစ် | လဟိုရ် | ၎င်း |
| ၁၇ | မစ္စတာ။ရာမန် | ၁၇ နှစ် | တောင်ငူ | ၎င်း |
| ၁၈ | မောင်မောင် | ၁၇ နှစ် | ပြည်မြို့ | ၎င်း |
| ၁၉ | မောင်စိန် | ၂၀ နှစ် | မင်းဘူး | ၎င်း |
| ၂၀ | မောင်ကြီး | ၁၉ နှစ် | ပြည်မြို့ | ၎င်း |
| ၂၁ | မစ္စတာ။နစ်ကလတ် | ၁၉ နှစ် | ရန်ကုန် | ၎င်း |
| ၂၂ | မောင်တင်မောင် | ၁၆ နှစ် | ရန်ကုန် | ၎င်း |
| ၂၃ | မောင်ဘကလေး | ၂၀ နှစ် | ကြို့ပင်ကောက် | အိုင်။အေ။အောက်တန်း။ |
| ၂၄ | မောင်ဘထွန်း | ၂၀ နှစ် | ပဲခူး | ၎င်း |
| ၂၅ | မောင်ဝင်းမော် | ၁၉ နှစ် | မန္တလေး | ၎င်း |
| ၂၆ | မောင်လှ | ၁၉ နှစ် | ပြည်မြို့ | ၎င်း |
| ၂၇ | မောင်ကွန်း | ၁၇ နှစ် | ပုသိမ် | ၎င်း |
| ၂၈ | မောင်ဘိုးစံ | ၂၁ နှစ် | ဝါးခယ်မ | ၎င်း |
| ၂၉ | မောင်ဘစီ | ၁၈ နှစ် | မြိတ်မြို့ | ၎င်း |
| ၃၀ | မောင်ဘတင် | ၁၉ နှစ် | ရန်ကုန် | ၎င်း |
| ၃၁ | မောင်လှဘော | ၂၁ နှစ် | ပေါင်းတည် | ၎င်း |
| ၃၂ | မောင်ဘရှင် | ၁၈ နှစ် | ညောင်တုန်း | ၎င်း |
| ၃၃ | မောင်ဘောင်းဘော | ၂၁ နှစ် | ဒေးဒရဲ | ၎င်း |
| ၃၄ | မောင်စိန်ထွန်း | ၁၉ နှစ် | မတ္တရာ | ၎င်း |
| ၃၅ | မောင်ဘစံ | ၁၇ နှစ် | ပြည်မြို့ | ၎င်း |
| ၃၆ | မောင်အုန်း | ၁၉ နှစ် | သာယာဝတီ | ၎င်း |
| ၃၇ | မောင်ငွေဇင် | ၂၁ နှစ် | မော်လမြိုင် | ၎င်း |
| ၃၈ | မောင်ဘချစ် | ၁၉ နှစ် | ရန်ကုန် | ၎င်း |
| ၃၉ | မောင်ဘိုးဉာဏ် | ၁၉ နှစ် | စစ်ကိုင်း | ၎င်း |
| ၄၀ | မောင်ဘတင် | ၂၀ နှစ် | သာယာဝတီ | ၎င်း |
| ၄၁ | မောင်ပေါင်ကြီး | ၂၀ နှစ် | မော်လမြိုင် | ၎င်း |

| | | | | | |
|---|---|---|---|---|---|
| ၄၂ | မောင်မောင်လတ် | ... | ၁၉ နှစ် | ... မော်လမြိုင်။ | ... အိုင်။အေ။အော်တန်း။ |
| ၄၃ | မောင်အေးလှိုင် | ... | ၁၉ နှစ် | ... ၎င်း | ... ၎င်း |
| ၄၄ | မောင်စံလင်း | ... | ၂၄ နှစ် | ... ညောင်တုန်း | ... ၎င်း |
| ၄၅ | မောင်ထွန်းအေး | ... | ၂၀ နှစ် | ... ရန်ကုန် | ... ၎င်း |
| ၄၆ | မောင်ခင် ... | ... | ၂၁ နှစ် | ... မော်လမြိုင် | ... ၎င်း |
| ၄၇ | မောင်မြင့် ... | ... | ၁၆ နှစ် | ... ရန်ကုန် | ... ၎င်း |
| ၄၈ | မောင်သိန်းဘေ | ... | ၁၈ နှစ် | ... ပုသိမ် | ... ၎င်း |
| ၄၉ | မောင်မောင်ကြီး | ... | ၁၈ နှစ် | ... ရန်ကုန် | ... ၎င်း |
| ၅၀ | အရှောင် ... | ... | ၁၉ နှစ် | ... ၎င်း | ... ၎င်း |
| ၅၁ | ထွန်းဦး ... | ... | ၂၁ နှစ် | ... ၎င်း | ... ၎င်း |
| ၅၂ | မောင်ဘသင် | ... | ၂၀ နှစ် | ... ၎င်း | ... ၎င်း |
| ၅၃ | မောင်ထွန်းလှိုင် | ... | ၁၉ နှစ် | ... တောင်ငူ | ... ၎င်း |
| ၅၄ | မောင်ကာ ... | ... | ၂၀ နှစ် | ... ပုသိမ် | ... ၎င်း |
| ၅၅ | မစ္စတာ။ရာဟင် | ... | ၂၁ နှစ် | ... မော်လမြိုင် | ... ၎င်း |
| ၅၆ | စီ။ဂျင်ဟို ... | ... | ၁၉ နှစ် | ... ဖျာပုံ | ... ၎င်း |
| ၅၇ | မောင်ထွန်းရှိန် | ... | ၁၈ နှစ် | ... ပုသိမ် | ... ၎င်း |
| ၅၈ | မောင်ဘလှိုင် | ... | ၁၉ နှစ် | ... မြစ်ကြီးနား | ... ၎င်း |
| ၅၉ | မောင်သက် | ... | ၁၉ နှစ် | ... ရန်ကုန် | ... ၎င်း |

---

## တက္ကကျမ်း။
### တတိယကဏ္ဍအဆက်။

ထိုတွင်သစ္စအင်္ဂါဟူသည်ကား။ဟုတ်မှန်ခြင်းတည်း။ ဗိယအင်္ဂါဟူသည်ကား။သူတပါးနား၌သာယာနာပျော် ဘွယ်ရှိခြင်း။ နာလိုဘွယ်ရှိခြင်းတည်း။ ။ထိုကြောင့် စကားခြောက်ခွန်း။ လူ၌ထွန်း။ လေးခွန်းကိုပယ်။နှစ်ခွန်း တယ်ဟူရာ၌။တယ်အပ်သောစကားနှစ်ခွန်းကား။

၁။ ဟုတ်၏။သူမနာလို။ကိုယ်အကျိုးရှိသောစကား တခွန်း။
၂။ ဟုတ်၏။သူလည်းနာလို၍။ ကိုယ်လည်းအကျိုး ရှိသောစကားတခွန်း။

ဟူ၍နှစ်ခွန်းဖြစ်၏။

ဤစကားနှစ်ခွန်းတွင်။ ဒုတိယစကားသည်ပဌမစကား ထက်သာ၍ သင့်မြတ် သည်ကား မှန်၏။ သို့ရာတွင်ဗိယ အင်္ဂါနှင့်မပြည့်စုံ၍။ သူတပါးမနာလို ပြားသော်လည်း။ သစ္စအင်္ဂါနှင့်ပြည့်စုံ၍ကိုယ်အကျိုးရှိလျှင်။ ၎င်းစကားကို ပြောဆိုအပ်သောကြောင့်။ ဗိယ အင်္ဂါထက် သစ္စအင်္ဂါ အရေးသာ၍ကြီးကြောင်းထင်ရှား၏။

တက္ကကျမ်းကို အလင်္ကာကျမ်းလောက် အရေးမယူ မည်ကိုစိုး၍။ အလျည်း သင့်သဖြင့် စကား ချပ်ထိုက်ပါ သည်။အလင်္ကာကျမ်းကိုရှုတ်ချလိုသောသဘောနှင့် ရေး သားခြင်းမဟုတ်ချေ။

တက္ကတခုကို စကားအားဖြင့် ပြောဆိုသော အခါ၌ ဖြစ်စေ။စာအားဖြင့်ရေးမှတ်သော်အခါ၌ဖြစ်စေ။ပုဒ်။ဗျဥ္ဇ ကာ။ နျာယဟူသော သုံးပိုင်းသုံးဌာနအားဖြင့် ပိုင်းခြားဝေ

ဘန်အပ်သကဲ့သို့။စိတ်ထဲ၌ အကြံတဏှာတခု၏ဖြစ်ပုံ။ ဖြစ်စဉ်ကိုလည်း သုံးပိုင်းသုံးဌာနအားဖြင့်ပင်။ အောက်ပါအတိုင်းဝေဘန်အပ်၏။

စိတ်ကို တနည်း။ သမ္ပယုတ္တဓမ္မ တို့ကို အာရုံသို့ ရှေးဦးစွာ ပစ်တင်ခြင်း ဟူသော ပဌမ ဌာန လည်း တပါး။ (တရားကိုယ် အားဖြင့် ဝိတက် စေတသိက်ကိုရ၏။)

ဤသို့ ပစ်တင်ရာဖြစ်သော အာရုံတို့ကို ဆုံးဖြတ်ခြင်းဟူသောဒုတိယဌာနလည်းတပါး။ (တရားကိုယ်အားဖြင့်အဓိမောက္ခစေတသိက်ကိုရ၏။)

၎င်းဆုံးဖြတ်ချက်များကို စည်းစားဆင်ခြင်၍ ကြံခြင်းဟူသော တတိယ ဌာနလည်း တပါး။ (တရားကိုယ်အားဖြင့် ပညိန္ဒြေစေတသိက်ကိုရ၏။)

ဤသို့သုံးပိုင်းသုံးဌာနရှိသည့်တွင် ပဌမဌာနကိုရှေးဦးစွာပြပေအံ့။ ။သုဏန္တပုဂ္ဂိုလ်သည်။သံဟူသောပစ္စုပ္ပန်သဒ္ဒါရုံကို ပဌမသောတဒွါရဝီထိဖြင့်ကြား၏။ ဒုတိယတဒနုဝတ္တက မနောဒွါရဝီထိဖြင့်အတိတ်သဒ္ဒါရုံကိုအာရုံပြု၏။တတိယနာမပညတ္တိဝီထိဖြင့် သံဟူသောနာမပညတ်ကိုအာရုံပြု၏။ စတုတ္ထအတ္ထပညတ္တိဝီထိဖြင့် သံဟူသောဒြပ်အနက်ကိုအာရုံပြု၏။ ဤသို့အနည်းဆုံး လေးဝီထိကျမှသံ၏ဒြပ်အနက်ကို သိ၏။ သံဟူသော သဒ္ဒပညတ်ဖြင့် သံဟုဆိုအပ်သော အတ္ထပညတ်ကိုသိ၏ဟူလို။ ။ဤကားသုဏန္တပုဂ္ဂိုလ်အတို့တည်း။

ဝဒန္တပုဂ္ဂိုလ်သည်ကားရှေးဦးစွာသောအတ္ထပညတ္တိဝီထိဖြင့်သံ၏ဒြပ်အနက်ဟုဆိုအပ်သောအတ္ထပညတ်ကိုအာရုံပြု၏။ ထိုနောက် နာမပညတ္တိဝီထိဖြင့် သံဟူသောသဒ္ဒပညတ်ကိုအာရုံပြု၏။ထိုနောက်သံဟူသောဝစီဘေဒသဒ္ဒါကိုရွတ်ဆို၏။ ။ဤကားဝဒန္တပုဂ္ဂိုလ်အတို့တည်း။

သံကိုမြင်ရာ၌လည်း။ ပဌမစက္ခုဒွါရဝီထိဖြင့်ပစ္စုပ္ပန်ရူပါရုံကိုမြင်၏။ ဒုတိယတဒနုဝတ္တက မနောဒွါရဝီထိဖြင့်အတိတ် ရူပါရုံကို အာရုံပြု၏။ တတိယနာမပညတ္တိဝီထိဖြင့် သံ၏အမည် ပညတ်ကို အာရုံပြု၏။ စတုတ္ထ အတ္ထပညတ္တိဝီထိဖြင့်သံ၏ဒြပ်အနက်ကိုအာရုံပြု၍သိ၏။

ပဉ္စဒွါရဝီထိ၌ ဒွေပဉ္စဝိညာဉ် ၁၀ တွင် ဝိတက်စေတသိက်မပါ။ ။ထိုမှတပါး။ဝိတက်စေတသိက်သည် မိမိနှင့်သမ္ပယုတ္တဓမ္မတို့ကိုအာရုံအသီးသီးသို့“ပစ်တင် ခြင်း”သည်ပဌမ ဌာနမည်၏။ ။ဤပဌမဌာန၌ဒြပ်အနက်ကိုသိသော်လည်း။သကတ် * အနက်ကိုမသိသေး။ထိုနည်းတူ။ နေ။ လ။ လူ။ ပန်း။ ရန်ကုန်မြို့စသော နာမပညတ်တို့သည်ဒြပ်တည်းဟူသောအတ္ထပညတ်ကိုသိစေကြ၏။

